## ၂။ ထွာကောင်စိမ်း

**Cabbage Looper: *Trichoplusia ni* (Hübner, 1800–1803)**

**Lepidoptera: Noctuidae**

## ဖျက်ကောင်ပုံသဏ္ဌာန်များ





ဥများကိုအရွက်များ၏ အောက်ဖက်မျက်နှာပြင်ပေါ်တွင် ဖြူစိမ်းရောင်စက်လုံးပုံ ဥများကို တစ်လုံးချင်းအုသည်။ လောက်ကောင်သည် လှိုင်းတွန့်ပုံမျဉ်း ပါးပါးနှင့်အတူဆလင်ဒါပုံရှိပြီးအစိမ်းရောင်ရှိသည်။ အရွယ်ရောက်ကောင်သည် တုတ်ခိုင ်သော အညိုရောင်ဖလံဖြစ်ကာ ဦးခေါင်းနှင့်ရင်ဘတ်ပိုင်းမှာ မီးခိုးရောင်ရှိသည်။ ရှေ့တောင်ပံ များသည် ဆလင်ဒါပုံအမှတ်အသားများနှင့်အတူမီးခိုးလှိုင်းပါရှိသည်။

## ဖျက်ဆီးပုံလက္ခဏာများ



ဦးစွာအရွက်များကိုခြစ်စားပြီးအရွက်အားလုံးကုန်သည်အထိစားသည်။

## ဘဝစက်ဝန်း

| | |
|---|---|
| ဥ အဆင့် | – (၃ –၄) ရက် |
| လောက်ကောင် အဆင့် | – (၇) ရက် |

ရုပ်ဖုံး အဆင့် – (၇–၁၀) ရက်
အကောင်ကြီး အဆင့် – (၁၀–၁၂) ရက်

**ဘက်စုံကာကွယ်နှိမ်နင်းနည်းလမ်းများ**

(၁) ထွာကောင်စိမ်းကျရောက်မှုအား စဉ်ဆက်မပြတ် ကင်းထောက်စစ်ဆေးပါ။

(၂)လောက်ကောင်များကိုလက်ဖြင့်ကောက်ယူဖျက်ဆီးပါ။

(၃)(၂.၅)ကေလျှင်မီးထောင်ချောက်တစ်လုံးထွန်းပါ။

(၄)ထိသေ၊စားသေအာနိသင်ရှိပိုးသတ်ဆေးတစ်မျိုးမျိုးကိုဆေးအညွှန်းအတိုင်းပက်ဖျန်းပါ။ ပိုးသတ်ဆေးများ ကို အသုံးပြုပါက အညွှန်းစာ တွင် ဖော်ပြ ထားသည့် မခူး ဆွတ်မီစောင့်ဆိုင်းရမည့်ကာလ Pre–harvest Interval (PHI) ကို လိုက်နာ ၍စနစ်တကျ ခူးဆွတ်ပါ။

- ဖလူဗန်ဒိုင်ယာမိုက်(Flubendiamide)
- ကလိုရမ်ထရမ်နီလီပရော(Chlorantraniliprole)
- လန်မ်ဒါဆိုင်ဟောလိုသရင် (Lambda–Cyhalothrin)